

# နှလုံးသားက လာတဲ့တာဝန်

ဧပြီလရောက်တိုင်း ကျမကျောင်းက (၈) တန်းကျောင်းသားတွေ လေ့လာရေးခရီးအဖြစ် ဝါရှင်တန်ဒီစီကို သွားလေ့ရှိပါတယ်၊ နယူးဂျာစီကနေကားနဲ့သွားရတာမို့ ခရီးက အတန်ဝေးပါတယ်၊ ဒါပေမယ့် ကျမတို့သမိုင်းမှာ အလွန်အရေးပါတဲ့နေရာတွေကို သွားရတာမို့ အမြဲတမ်း စိတ်လှုပ်ရှား ရင်ခုန်မိရပါတယ်၊ ရှစ်ဆယ်ခုနှစ်များအလယ်က အဖြစ်လေးတစ်ခုကတော့ ကျမတပည့်တွေရင်ထဲမှာ အမြဲတမ်းရှင်သန်နေမယ့် သမိုင်းလေးတစ်ခုဖြစ်နေမှာပါ၊ အဲဒါကတော့ ရော်ဘီဘရောင်းက သူနဲ့အတူ တာဝန်တစ်ခု ယူဆောင်လာခဲ့တဲ့ နှစ်မှာပေါ့။

နံနက်စောစော မှောင်ရီပျိုးပျအချိန်မှာပဲ ကျမတို့တတွေ ဘတ်စကားပေါ်ကို တယောက်ပြီးတယောက် တန်းစီတက်ခဲ့ကြတယ်၊ ရော်ဘီဘရောင်းကတော့ အဖြူရောင် ခတ္တာပန်းလေးစိုက်ထားတဲ့ လေးလက်မခန့်အမြင့် ပန်းအိုးလေးကို လက်ထဲမှာကိုင်ပြီး တက်လာတယ်၊ အမေရိကန်အလံလေးတစ်ခုကိုလည်း အိုးလေးထဲမှာစိုက်ထားလျက်ပေါ့ ၊ ကားပေါ်မှာပါလာတဲ့ လူတိုင်းနီးပါးက ဒီပန်းလေး ဘယ်သူအတွက်လည်းလို့ မေးကြပါတယ်၊ သူကတော့ အားလုံးကို “ဒါ တာဝန်ဝတ္တရားတစ်ခု အတွက်ပါ” လို့သာ ပြန်ဖြေခဲ့ပါတယ်။

ဘတ်စကားပေါ်မှာ ရော်ဘီဟာ ပြောစရာတစ်ခုဖြစ်လာခဲ့ပါတယ်၊ ဘာလဲသူ့တာဝန်ဝတ္တရားဆိုတာကြီးက၊ ဘတ်စကားနောက်ပိုင်းက ကျောင်းသူများကတော့ မကြားတကြား “ဒါ သူနဲ့ မကြာမီကမှ ရည်းစားဖြစ်သွားတဲ့ သမ္မတကတော် နန်စီရေဂင် အတွက်ဖြစ်မယ်၊ သူ အိမ်ဖြူတော်ကိုရောက်ရင် နန်စီကိုပေးလိုက်မယ်” တချို့ကတော့လည်း “အို မဖြစ်နိုင်ဘူး၊ ရှေ့မှာထိုင်နေတဲ့ ခရီးသွားလမ်းညွှန် မမချောအတွက်ပဲဖြစ်မယ်” စသဖြင့် ရော်ဘီကို ကျီစယ်နောက်ပြောင် နေကြပါတယ်။။

အချိန်အတော်ကြာကြာ ကားစီးလို့အပြီးမှာတော့ ကျမတို့ပန်းတိုင်ဖြစ်တဲ့ ဝါရှင်တန်ဒီစီကို ကျမတို့ဘတ်စကားဆိုက်ရောက်ခဲ့ပါတယ်၊ ပထမ ကျမတို့ အိမ်ဖြူတော်ကို သွားခဲ့ကြတယ်၊ ရော်ဘီအိမ်ဖြူတော်ကိုရောက်လျင် ဘာများလုပ်မလဲလို့ ကျောင်းသူတွေက အနီးကပ်စောင့်ကြည့်နေကြပါတယ်၊ ဒါပေမယ့် ဘတ်စကားပေါ်ပြန်ရောက်တဲ့အထိ ရော်ဘီက သူ့ပန်းအိုးလေးကို ကိုင်ထားလျက်ပါပဲ။

ပင်ဆယ်ဗေးနီးယားလမ်းပေါ်က လွှတ်တော်အဆောက်အဦကို လေ့လာပြီးတဲ့အခါမှာလည်း ပန်းအိုးလေးက သူ့လက်ထဲမှာရှိနေဆဲပါပဲ၊ သူ့တာဝန်ဝတ္တရားက ဘာလဲဆိုတာကို ပိုပြီးသိချင်စိတ်ဖြစ်လာကြတာကြောင့် သူ့ကိုဘယ်သူမှ မျက်စေ့အောက်က အပျောက်မခံကြတော့ပါဘူး။

နေ့လည် ၁၂ နာရီခန့်မှာတော့ ကျမတို့နေ့လည်စာ စားခဲ့ကြပါတယ်၊ ဘာဂါနဲ့အာလူးကြော်စားတဲ့ အဲဒီအချိန်လေးလောက်ပဲ ရော်ဘီဟာ သူ့ပန်းအိုးလေးကို ခဏအောက်ချထားတာတွေ့ရပါတယ်။

ဒီနောက်မှာတော့ ကျမတို့တတွေ ဝါရှင်တန် မို့ညျမင့်လို့ ခေါ်တဲ့ လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်ကြီးကို လေ့လာကြတယ်၊ ကမ္ဘာကျော် ချယ်ရီပန်းတွေ အစွမ်းကုန်ပွင့်နေတဲ့ ကျောက်တိုင်အနီးက Tidal Basin ရေကန်ကြီးဘေးမှာလည်း လမ်းလျှောက်ခဲ့ကြသေးတယ်၊ အာလင်တန် အမျိုးသား သုသာန်ကိုရောက်တော့အခါမှာတော့ လူတိုင်းက ရော်ဘီကို အထူးဂရုစိုက် ကြည့်နေခဲ့ကြတယ်၊ ရော်ဘီဟာ သမ္မတ ဂျွန် အက်ဖ် ကနေဒီရဲ့ ဂူနားကဖြတ်ပြီး လှေကားလေးကနေ ဘော်ဘီကနေဒီဂူရှိရာ အောက်ကို ဆင်းသွားတယ်၊ အဲဒီမှာ ရေကန်လေးရှိတယ်၊ သူက ပန်းအိုးလေးကိုအသာချပြီး သူ့လက်ခုပ်နဲ့ ကန်ထဲကရေကို ခပ်ကာ ပန်းအိုးလေးထဲမှာ လောင်းထည့်တယ်၊ ပြီးတော့ ပန်းအိုးလေးကို အသာကိုင်ပြီး လာရာလမ်းအတိုင်း အာလင်တန် အမျိုးသားသုသာန်ကနေ ပြန်ထွက်လာခဲ့တယ်။

နောက်ဆုံးလေ့လာစရာအဖြစ် ကျမတို့ဘတ်စကား လင်ကွန်းအထိမ်းအမှတ် အဆောက်အဦအနီးမှာရပ်ပါတယ်၊ လူတိုင်းရဲ့အာရုံက ရော်ဘီဆီမှာပဲ စုပြုံရောက်ရှိနေပါတယ်၊ သူဘာလုပ်မလဲပေါ့၊ ကျမတို့အားလုံး သူ့နောက်ကနေပြီး ဗီယက်နမ်စစ်အတွင်း ကျဆုံးခဲ့တဲ့သူတွေရဲ့ အထိမ်းအမှတ်နာမည်များရေးထိုးထားတဲ့ အနက်ရောင် နံရံကြီးဆီကို လျှောက်ခဲ့ကြတယ်၊ နာမည်တွေအများကြီးရေးထိုးထားတဲ့ နံရံပေါ်ကနာမည်တွေကို သူခပ်သွက်သွက်ဖတ်တယ်၊ ပြီးတော့ နာမည်တစ်ခုရဲ့အောက်နားမှာ သူ့ရဲ့ပန်းအိုးလေးကို သေသေချာချာချတယ်။

သူပြန်လှည့်အကြည့်မှာတော့ သူ့ကို တအံ့အသြငေးကြည့်နေတဲ့ သူ့ရဲ့အတန်းဖော်မိတ်ဆွေတွေကိုတွေ့ရတယ်၊ မအောင့်နိုင်တဲ့အဆုံး တပည့်တွေထဲကတစ်ယောက်က “ကဲ အဖြစ်အပျက်ဇာတ်လမ်းကို ရှင်းပြပါဦး” လို့ ဆိုတော့၊ သူက ဖြေးဖြေးခြင်း“မေ့မေ့မှာ ကေတီဆိုတဲ့ ညီမတစ်ယောက်ရှိတယ်၊ ကေတီက ရှစ်ပ်နဲ့ချစ်နေတယ်၊ ယေရှုခရစ်ပြန်လည်ထမြောက်တော်မူရာနေ့ရောက်တိုင်း ရှစ်ပ်က ကေတီဆီကို Easter အထိမ်းအမှတ်အဖြစ် ခတ္တာဖြူလေး လက်ဆောင်ပို့ပေးလေ့ရှိပါတယ်၊ အဲဒီခတ္တာပန်းမျိုးဥလေးကို ရှစ်ပ်က ဟော်လန်ကနေ သယ်လာခဲ့တာပါ၊ သူ့ပန်းခြံထဲမှာ ပန်းဥလေးကို ကိုယ်တိုင်ပျိုးထားပြီး ပန်းပွင့်ချိန်ရောက်တိုင်း ပန်းပင်လေးကိုတူး၊ ပန်းအိုးလေးထဲမှာထည့်ပြီး ရှစ်ပ်က ဒီပန်းလေးတွေကို ကေတီဆီကို ပို့ပေးလေ့ရှိပါတယ်။

၁၉၆၅ ခုနှစ်မှာတော့ ရှစ်ပ် စစ်မှုထမ်းဖို့ ဆင့်ခေါ်တာခံရပါတယ်၊ နောက်တစ်နှစ်မှာ သူ ဗီယက်နမ်ကိုသွားခဲ့ရတယ်၊ သူဘယ်တော့မှ ကေတီဆီကို ပြန်မလာနိုင်ခဲ့တော့ပါဘူး၊ ခု အနှစ်နှစ်ဆယ်ကျော်ကြာလာခဲ့ပေမယ့် အန်တီကေတီက ရှစ်ပ်ကို မမေ့နိုင်သေးသလို သူ့အကြောင်းကိုလည်း တသသ အမြဲတမ်းပြောနေတုံးပါပဲ၊ ခု ဒီပန်းလေးက သူ့အတွက် သူမပေးပို့လိုက်တာပါ၊ အန်တီက ငါ့ ကို ဒီပန်းလေး ဒီနေရာမှာ ထားပေးဖို့မှာလိုက်ပါတယ်။

ကျမတို့အားလုံး အဲဒီနေရာလေးကနေထွက်ခွါပြီး ကားပေါ်ကိုတက်ခဲ့ကြပါတယ်၊ ဘယ်သူမှ ရော်ဘီကို ဒီပန်းလေးနဲ့ပတ်သက်လို့ မစမနောက်ကြတော့ပါဘူး၊ အချိန်အတော်ကြာသည့်တိုင်အောင် ငြိမ်သက်နေခဲ့ကြပါတယ်၊ ကားနောက်ပိုင်းက မကဲတွေတောင်မှပဲ ထူးထူးဆန်းဆန်း နှုတ်ပိတ်ကာ တိတ်ဆိတ်ငြိမ်သက်နေခဲ့ကြပါတယ်။

နှစ်တွေလည်း အတန်ကြာခဲ့ပါပြီ၊ အဲဒီအချိန်က ရှစ်တန်းကျောင်းသား ကျောင်းသူတွေဖြစ်ကြတဲ့ ကျမတပည့်တွေတောင် ခုတော့ လူကြီးတွေဖြစ်နေကြပါပြီ၊ သူတို့တွေ လွတ်လပ်ရေးကျောက်တိုင်(ဝါရှင်တန် မို့ညျမင့်)ရဲ့ ပေ ၅၅၅ မြင့်တယ်ဆိုတာတွေ၊ သမ္မတကြီး အေဗရာဟန် လင်ကွန်း ဖို့ဒ်စ် ကပွဲရုံမှာ လုပ်ကြံခံခဲ့ရတယ်ဆိုတာတွေကို မေ့ကောင်းမေ့နေကြပါမယ်၊ ဒါပေမယ့် သူတို့တွေအားလုံး ရှစ်ပ်ဆိုတဲ့ အညတရ စစ်သားလေးရဲ့အမည်ရယ်၊ ခတ္တာပန်းဖြူလေးအကြောင်းရယ်နဲ့ ရော်ဘီရဲ့တာဝန်လေးတစ်ခုကိုတော့ဖြင့် ကောင်းကောင်းအမှတ်ရနေကြလိမ့်ဦးမယ်ဆိုတာကို ကျမလေးလေးနက်နက်ယုံကြည်နေမိပါတယ်။

ဉာဏ်ဦးမောင်
မတ်လ ၉ ရက်၊ ၂၀၀၇
George Flynn ရဲ့ Robbie's Mission ကို ဘာသာပြန်ထားတာပါ။